# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 12, 2019 | Volume 20, Number 8


**၁၂.၆.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၈/ကျပ် |
| CBM Rate | = ၁၅၃၂.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၂.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၅.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၄၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၀၇၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကုမ္ပဏီလုပ်ငန်းများ ဝင်ရောက်မှု များပြားလာခြင်းကြောင့် သီလဝါအထူးစီးပွားရေးဇုန်အား အပိုင်းသစ်တိုးချဲ့မည်

ရန်ကုန်မြို့ပြင်က ဂျပန်ကျောထောက်နောက်ခံပြုတဲ့ သီလဝါအထူးစီးပွားရေးဇုန်သည် တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့အတွက် ကုန်ထုတ်လုပ်မှုမှာ အခရာဖြစ်လာခဲ့ပြီး ဂျပန်နှင့်အခြားသောနိုင်ငံခြားကုမ္ပဏီများလည်း ပိုမိုမျက်စိကျလာကြသည်။ စုစုပေါင်း ဧရိယာစတုရန်းမီတာ ၅ ဒသမ ၈၃ သန်းရှိ သီလဝါအထူးစီးပွားရေးဇုန်နယ်မြေ၏ ထက်ဝက်ကျော်မကတွင် လုပ်ငန်းကုမ္ပဏီများ အခြေစိုက်ထားပြီးဖြစ်ကြောင်း ယင်းဇုန်နယ်မြေကို ဖော်ဆောင်လုပ်ကိုင်နေသည့် မြန်မာဂျပန်သီလဝါဖွံ့ဖြိုးရေးလီမီတက် MJTD မှ ဥက္ကဋ္ဌဖြစ်သူ တိုမိုယာဆုရှီမီဇုက ပြောသည်။ ၂၀၁၅ စတင်ဖွင့်လှစ်ချိန်ကစပြီး ပြီးခဲ့သည့်လအထိ ကုမ္ပဏီပေါင်း ၁၀၅ ခုက သီလဝါအထူးစီးပွားရေးဇုန်သို့ ရွှေ့ပြောင်းလာခြင်း ငှားရမ်းလုပ်ကိုင်ခြင်းများရှိခဲ့ပြီး ယင်းကုမ္ပဏီများမှာ နိုင်ငံခြားသားအပြည့်အဝပိုင်ကုမ္ပဏီ ၉၀ နှင့် ပြည်ပနှင့် မြန်မာအကျိုးတူဖက်စပ်ပိုင် ၁၃ ခုတို့ ဖြစ်သည်။ ဇုန်ဧရိယာအတွင်း ဂျပန်ပိုင် ကုမ္ပဏီ ၅၄ ခု၊ ထိုင်းက ၁၅ ခု၊ တောင်ကိုရီးယားမှ ၈ ခုနှင့် ထိုင်ဝမ်မှခြောက်ခုတို့ အခြေစိုက်ဖွင့်လှစ်ထားကြောင်း ဂျပန်-မြန်မာအစိုးရနှင့် ပုဂ္ဂလိက အကျိုးတူဖက်စပ် လုပ်ငန်း MJTD အရ သိရသည်။

အထူးစီးပွားရေးဇုန်အတွင်း ငှားရမ်းလုပ်ကိုင်ကြသည့် ကုမ္ပဏီများမှာ အထည်ချုပ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်ထုပ်ပစ္စည်းလုပ်ငန်းနှင့် အစားအစာနှင့်အဖျော်ယမကာလုပ်ငန်းများဖြစ်ကြသည်။ လုပ်အားခကြီးမြင့်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ တင်းကျပ်လာခြင်း တို့ကြောင့် တရုတ်မှနိုင်ငံခြားကုမ္ပဏီများသည် ဗီယက်နမ်၊ မြန်မာကဲ့သို့သော အခြား အာရှနိုင်ငံများဆီ ရွှေ့ပြောင်းလာကြကြောင်း ရှီမီဇုကပြောသည်။ လက်တွေ့ အားဖြင့် သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်အားခမြင့်မားမှုကို ရင်ဆိုင်နေရပြီ ဖြစ်သည့် ဗီယက်နမ်အတွက်ပင် အခွင့်အရေးလမ်းကြောင်းသစ်ဖြစ်လာခဲ့ပြီး အမေရိကန်သို့ ကုန်စည်ပစ္စည်းများတင်ပို့နေသည့် တရုတ်နှင့်ထိုင်ဝမ်တို့မှ ပို့ကုန် လုပ်ငန်းရှင်များအတွက် မျက်စိကျစရာဖြစ်နေပြီး လာရောက်စုံစမ်းမှုများ များပြား လာကြောင်း ၎င်းကဆိုသည်။

အထူးစီးပွားရေးဇုန်မှ ဧရိယာစတုရန်းမီတာ ၄ ဒသမ ၀၅ သန်းရှိ ဇုန်အေနှင့် စတုရန်းမီတာ ၂ ဒသမ ၂၄ သန်းရှိ ဇုန်ဘီ၏ ပထမအပိုင်းမှ တတိယအပိုင်းထိ စုပေါင်းဇုန်နယ်မြေကို ဖော်ဆောင်ထားပြီးဖြစ်ကြောင်း မှတ်တမ်းမှတ်ရာများအရ သိရသည်။ ယခုအချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်ကို ထပ်မံတိုးချဲ့ရန်ရှိလာပြီး ၂၀၂၀ တွင် ဇုန်ဘီ၏စတုတ္ထအပိုင်းအဖြစ် ဧရိယာစတုရန်းမီတာ ၄၉၀၀၀၀ အကျယ်အဝန်းအပိုင်းကို ဖော်ဆောင်သွားရန်ပြင်ဆင်နေကြောင်း ရှီမီဇုကပြောခဲ့သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2020405

## ရန်ကုန်တိုင်း၌ အသားစားသုံးမှု ပိဿာချိန် ၉၀၀၀၀ ကျော် နေ့စဉ်လိုအပ်

ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နေ့တာ အသားစားသုံးမှုလိုအပ်ချက်မှာ အသားပိဿာချိန် ၉၀၀၀၀ ကျော် လိုအပ်မှု ရှိနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းကပြောကြားသည်။ ပြည်သူလူထု ဈေးနှုန်း သက်သာချောင်ချိစွာနဲ့ ဝယ်ယူစားသုံးနိုင်ဖို့ မွေးမြူရေးအသင်းနဲ့ပေါင်းစပ်လုပ်နေတယ်။ ဈေးတွေမှာ အသား ထုတ်လုပ်တဲ့သူတွေ ကိုယ်တိုင်လာရောက်ပြီးတော့ ဈေးလျှော့ရောင်းနိုင်တဲ့ ဆိုင်ခန်းတွေဖွင့်နိုင်အောင်လည်း လုပ်နေပါတယ်။ လောလော ဆယ် ဈေး ၁၂ ခုကို ဆောင်ရွက်နေတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးဇုန်အနေနဲ့လည်း ညောင်နှစ်ပင်ဒေသမှာ မွေးမြူရေးနဲ့စိုက်ပျိုးရေး ဟင်းသီးဟင်းရွက် ဧက ၁၀၀၀၀ ကျော်ရှိတယ်။ ဒီဇုန်မှာ ဟင်းသီးဟင်း ရွက်တွေကို အကွက်ပြည့် ဆောင်ရွက်ခြင်းမရှိတဲ့ အခြေအနေတွေရှိနေတယ်။ ကွက်ပြည့်မစိုက်တာတွေကိုတွေ့ရတယ်။ ဒါကြောင့် စိစစ်နေတယ်။ ကွက်ပြည့်စိုက်ပျိုးဖို့၊ မွေးမြူနိုင်ဖို့အစိုးရကကြီးကြပ်နေတယ်။ နိုင်ငံတကာကိုလည်း တင်ပို့နေတာတွေရှိပါတယ်၊ ဩဂုတ်နှစ် အဆင့်တက်နိုင်ဖို့လည်းလုပ်နေတယ်ဟု ဝန်ကြီးဦးဟံထွန်းက ပြောကြားသည်။

ထိုသို့အသားစားသုံးမှု လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီပံ့ပိုးနေသည့် အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအပါအဝင် မွေးမြူရေးလုပ်ငန်းရှင်များ၊ အသားထုတ်လုပ်သည့်အဖွဲ့များနှင့် ပူးပေါင်းပြီး ငါးမွေးမြူခြင်းအပြင် ကြက်မွေးမြူရေးလုပ်ငန်းကိုပါ လုပ်ကိုင်နေကြောင်းသိရသည်။ လက်ရှိတွင်မူ အဆိုပါဒေသ၌ အကွက်ပြည့် စိုက်ပျိုးမွေးမြူရေးအတွက် ကြီးကြပ်ရေးကော်မတီနှင့် စီမံရေးကော်မတီတို့ကိုဖွဲ့စည်းပြီး ဇုန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် တိုင်းအစိုးရက ဘတ်ဂျက်ထည့်သွင်းပြီးဆောင်ရွက်နေသလို အထောက်အကူပြုလုပ်ငန်းများအဖြစ် ရေမြောင်း များနှင့် လမ်းပိုင်းဆိုင်ရာများကိုလည်း ဆောင်ရွက်နေကြောင်းသိရသည်။ ဇွန် ၅ ရက်က ပြုလုပ်ခဲ့သည့်ရန်ကုန်တိုင်းဒေသကြီး အစိုးရ တတိယတစ်နှစ်တာကာလ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး စာနယ်ဇင်းရှင်းလင်းပွဲတွင် ဝန်ကြီးမှထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/124218.html

## မော်တော်ယာဉ်ကဏ္ဍသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ သန်း (၆၀၀) ကျော် ဝင်ရောက်မှုရှိ

ပြည်တွင်း မော်တော်ယာဉ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း(၆၀၀)ကျော် ဝင်ရောက် မှုရှိနေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။ လက်ရှိ မော်တော်ယာဉ် ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း (၁၂)ခုအထိ ခွင့်ပြုထားကြောင်းသိရသည်။ အစက ဒီမှာထုတ်တာ ဆူဇူကီးပဲရှိတာလေ။ အခုဆိုရင်တော့ တိုယိုတာလာတော့ဆိုပြီး ပြောနေတာရှိတယ်။ သူတို့က သူ့ဈေးကွက်ကြည့်မှာပေါ့။ ဈေးကွက်ကြည့်ပြီးတော့ မြန်မာပြည်မှာ အလားအလာကောင်းမယ်ဆိုရင် လာမှာပဲလေဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးကပြောသည်။

လက်ရှိ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားသည့် ကုမ္ပဏီများအနေဖြင့် မော်တော်ယာဉ်နှင့်အစိတ်အပိုင်းများ တပ်ဆင် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ၊ မော်တော်ယာဉ်ရောင်းချပြီးနောက်ပိုင်း အာမခံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ မော်တော်ဆိုင်ကယ်အမျိုးမျိုး ထုတ်လုပ်တပ်ဆင်ရောင်းချခြင်းလုပ်ငန်းများ၊ မော်တော်ယာဉ်ဘီး တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများတို့ လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

လက်ရှိမော်တော်ယာဉ်ကဏ္ဍသို့ ဂျပန်၊ တရုတ်၊ စင်္ကာပူ၊ ဟောင်ကောင်၊ ကိုရီးယား၊ မလေးရှား၊ အိန္ဒိယ၊ ထိုင်ဝမ် နိုင်ငံတို့မှ လာရောက်ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။ ထို့အပြင် မော်တော်ယာဉ်ကဏ္ဍတွင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၀)ခုအထိ ခွင့်ပြုထားပြီး အမေရိကန်ဒေါ်လာ (၃၉ ဒသမ ၈၃၆)သန်း အပါအဝင် ကျပ်သန်းပေါင်း (၅၂၄၂၄ ဒသမ ၀၁၃၅) သန်းအထိရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရသိရသည်။

**Source:** BETVDailyNews

https://www.facebook.com/myanmaeconomic/

## ရာသီဥတုပြောင်းလဲခြင်းနှင့် ဓာတ်မြေသြဇာဈေးကြီးခြင်းတို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၌ ဆီထွက်သီးနှံ ထွက်နှုန်းလျော့ကျ

သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း၊ ရာသီဥတုပြောင်းလဲပြီး အထွက်နှုန်းတိုးရန် ဓာတ်မြေသြဇာများထည့်ရန် အတွက်လည်း ဈေးနှုန်းကြီးမြင့်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများအထွက်နှုန်း လျော့ကျနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံကပြောကြားသည်။ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၂၀၁၇- ၂၀၁၈ ခုနှစ်က ဆီထွက်သီးနှံအနေဖြင့် မြေပဲစိုက်ဧက ရှစ်သိန်းကျော်၊ နေကြာစိုက်ဧက သုံးသိန်း ကျော်နှင့် နှမ်းစိုက်ဧက ၁၀ သိန်းကျော် စုစုပေါင်း ၂၁ သိန်းကျော်စိုက်ပျိုးခဲ့သည်။ သီးနှံစိုက်တဲ့နေရာမှာ စိုက်ချိန်မမှန်တာ အချိန်အခါမဟုတ် မိုးရွာတာ၊ မိုးပြတ်ပြီး အစိုဓာတ်မလုံလောက်တာ၊ အပူချိန်မြင့်တာစတဲ့ အခြေအနေတွေကြုံတွေ့နေ ရတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာသုံးနေတဲ့ ဓာတ်မြေသြဇာဈေးမြင့်တာကြောင့် လိုအပ်တဲ့ပမာဏ အပြည့်အဝ မထည့်နိုင်တာတွေဟာ ဆီထွက်သီးနှံအထွက်လျော့ရတာရဲ့ အဓိကအကြောင်းရင်းတွေဖြစ်တယ်ဟု တိုင်းဒေသကြီးဝန်ကြီး ဦးကမ်ဇာမုံကပြောကြားသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် စုစုပေါင်းမြေဧက ၂၃၁ သိန်း ကျော်ရှိသည့်အနက် အသားတင် စိုက်ပျိုးမြေ ၄၅ သိန်းကျော်ရှိသောကြောင့် မြေ ၂၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသောမြေများ ဖြစ်သည်။

စိုက်ပျိုးမယ့်ရာသီရောက်ရင် မျိုးကိုလယ်ကွင်းထဲကို သွားပက်လိုက်တယ်။ ထွက်လာတဲ့ဟာ အမြတ်ဆိုတဲ့စနစ်နဲ့သွား နေတာ။ စိုက်ပျိုးရေးနည်းပညာတွေမရှိဘူးဟု တိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးကပြော သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီသပြေနှင့် သစ်ဆိမ့်တို့ဖြစ်ပြီး ယခုနှစ် တွင် စိုက်ပျိုးရန် လျာထားစိုက်ဧကမှာ ယမန်နှစ် ထက်လျော့နည်းသွားပြီး ယင်းမာပင်ခရိုင်မှ ဧကနှစ်သိန်းခွဲကျော်၊ မုံရွာ ခရိုင်မှ ဧကနှစ်သိန်းခန့်၊ ရွှေဘိုခရိုင်မှ ဧကတစ်သိန်းခွဲကျော်နှင့် စစ်ကိုင်းခရိုင်မှ ဧကတစ်သိန်းကျော်တို့ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source:** https://www.yangonmedia.com/economy/item/14697

## တရုတ်ဈေးကွက် ပိတ်ပင်ထားမှုကြောင့် မကြာမီ ရိတ်သိမ်းတော့မည့် နှမ်းစပါးများ ဈေးကျမည်ကို ဒေသခံတောင်သူများစိုးရိမ်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်၌ နှမ်းစပါး စိုက်ဧက (၂၆၆၀၈၈) စိုက်ပျိုးထားရာ မကြာမီရင့်မှည့်၍ ရိတ်သိမ်းတော့မည်ဖြစ်သော်လည်း တရုတ်ဈေးကွက်ပိတ်ပင်ထားမှုကြောင့် အရောင်းအဝယ်များ ရပ်တန့် ကာ ဈေးနှုန်းကျဆင်းမည်ကို ဒေသခံလယ်သမားများ စိုးရိမ်နေကြကြောင်း ဒေသခံလယ်သမားများထံမှသိရသည်။ အဆိုပါ ရွှေဘိုခရိုင်အတွင်း နှမ်းစပါးစိုက်ရာသီ၌ ရွှေဘိုမြို့နယ်တွင် ၆၄၉၄၁ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၃၁၇၀၀၊ ခင်ဦးမြို့နယ် တွင် ၃၉၁၈၅ ဧက၊ ရေဦးမြို့ နယ်တွင် ၄၀၁၆၄ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၂၉၆၈ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ဧက ၅၇၁၃၀ ဖြစ်ပြီး၊ စုစုပေါင်း ၂၆၆၀၈၈ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်းသိရသည်။

ရွှေဘိုဒေသက နှမ်းစပါးတွေ မကြာမီရိတ်သိမ်းကြတော့မှာဖြစ်ပါတယ်။ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီစတဲ့ တိုင်းဒေသကြီး တွေမှာလည်း နှမ်းစပါးများရိတ်သိမ်းနေချိန်မှာ တရုတ်ဈေးကွက်ပိတ်ပင်ထားမှုကြောင့် အရောင်းအဝယ်များ ရပ်တန့်ကာ ဈေးနှုန်းကျဆင်းနေတယ်လို့သိရပါတယ်။ ဒါကြောင့် ဈေးနှုန်းကျဆင်းမည်ကို ဒေသခံလယ်သမားများ စိုးရိမ်ပူပန်နေကြ ပါတယ်ဟု ခင်ဦးမြို့နယ် သာဂရကျေးရွာမှ လယ်သမားဦးဘိုလေးကပြောကြားသည်။ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီစသည့် တိုင်းဒေသကြီးတို့တွင်လည်း နှမ်းစပါးများရိတ်သိမ်းနေချိန်တွင် တရုတ်ဈေးကွက်ပိတ်ပင်ထားမှုကြောင့် အရောင်း အဝယ်များ ရပ်တန့်ကာ ဈေးနှုန်းကျဆင်းနေခဲ့သည်။

**Source:** https://www.yangonmedia.com/economy/item/14673

## နှမ်းမျိုးသစ်ကို အရွက်ခူးပြီး အခြောက်ခံ၍ ဂျပန်သို့တင်ပို့မည်

အောင်လံနှင့်ကျောက်ဆည်မြို့နယ်တို့တွင် ဧက ၅၀ ကျော်ခန့် စမ်းသပ်စိုက်ပျိုးထားသည့် နှမ်းမျိုးသစ်များကို အရွက်ခူး၊ အခြောက်ခံ၍ ဂျပန်သို့တင်ပို့မည်ဖြစ်ကြောင်း အောင်လံကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးကပြောသည်။ မျိုးစေ့ကို ဂျပန်က ပေးတာပါ။ အခုရာသီအတွက် စမ်းသပ်စိုက်ထားပါတယ်။ တစ်ဧကအထွက်နှုန်းကို ရိတ်သိမ်းပြီးတော့မှပဲသိရမယ်။ ရိုးရိုးနှမ်းကို တံစဉ်နဲ့ရိတ်လို့ရပေမယ့် ဒီနှမ်းက တံစဉ်နဲ့ရိတ်ရတာမဟုတ်ပဲ နည်းပညာနဲ့စနစ်တကျရိတ်သိမ်းရမှာဖြစ်တယ်။ ဂျပန်က ဒါကို လက်ဖက်ခြောက်အနေနဲ့သုံးစွဲမှာဖြစ်ပါတယ်။ ဒီနှမ်းမျိုးကို မြန်မာလိုဆိုရင် ရခိုင်နှမ်းလို့ခေါ်ပါတယ်။ အောင်လံမှာ ၅ ဧကနဲ့ ကျောက်ဆည်မှာ ဧက ၅၀ စိုက်ထားတာပါဟု ၎င်းကပြောသည်။ အဆိုပါ နှမ်း၏ စိုက်ပျိုးသက်တမ်းကာလမှာ ၄ လခန့်ကြာမြင့်ပြီး ရိုးရိုးနှမ်းများထက် တစ်လခန့်အသက်ပို၍ကြီးသလို အပင်ကြီးမျိုးဖြစ်၍ အရွက်ကို ခူးဆွတ်ကာ အစေ့အားမျိုးစေ့အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်းသိရသည်။

တိုင်းဒေသကြီးအတွင်းမှာတော့ ဂျပန် မစ်ဆူဘီရှိကုမ္ပဏီကနေ နှမ်းပေါ်ချိန်ရောက်တိုင်း လာရောက်တွေ့ဆုံတာတွေရှိတယ်။ သူတို့လိုချင်တဲ့ အရည်အသွေးကန့်သတ်ချက်နဲ့ ဈေးကွက်ကိုဆွေးနွေးကြပေမယ့် ဂျပန်ကကြိုက်ဈေးတော့ပေးမပေးဘူး။ ကိုယ့်ဘက်ကလည်း အများကြီးလုပ်ရဦးမယ်ဟု ဦးအောင်မိုးက ဆက်လက်ပြောသည်။ မြန်မာနိုင်ငံထွက်နှမ်းနက် ဂျပန်နိုင်ငံသို့တင်ပို့ရာတွင် ဓာတုဓာတ်ကြွင်းပါဝင်နေမှုလျှော့ချနိုင်ရေးအတွက် နည်းပညာအကူအညီရရှိရေးအတွက် ဂျပန်နိုင်ငံနှင့်ဆွေးနွေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ ထို့ပြင် မြန်မာ့လယ်ယာထွက်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ကွင်းဆက်တစ်လျှောက် နည်းပညာအကူအညီရရှိရေး၊ ရခိုင်ပြည်နယ်တွင် ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အထူးစီးပွားရေးဇုန်များတွင် ပို၍ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေးတို့ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား မေလတတိယပတ်က ဆွေးနွေးထားကြောင်းသိရသည်။

လက်ရှိတွင် အဆိုပါ နှမ်းအမျိုးအစားကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သည့် မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးအချို့တွင်စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိနေသည်။ မြန်မာနိုင်ငံတွင် နှမ်းကို မိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်ရှိသည့်ဒေသများတွင်လည်း အထိုက်အလျောက်စိုက်ပျိုးကာ နှမ်းဖြူ၊ နှမ်းနီ၊ နှမ်းညို၊ နှမ်းနက်နှင့်နှမ်းကြားဟူ၍ ခွဲခြားရောင်းဝယ်မှုပြုလုပ်လျက်ရှိသည်။

**Source:** https://www.facebook.com/amiamyanmar/

## မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်မယ့် စားသောက်ကုန်ပို့ဆောင်ရေးလုပ်ငန်း Meal Temple

ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံတို့မှာ အောင်မြင်မှုတွေရရှိနေပြီးဖြစ်တဲ့ စားသောက်ကုန်ပို့ဆောင်ရေးလုပ်ငန်း Meal Temple ဟာ မြန်မာနိုင်ငံမှာလည်း လာရောက်ရင်းနှီးမြှုပ်နှံမယ်လို့သိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်စီးပွားရေးလုပ်ငန်းရှင်တွေဟာ တနိုင်တပိုင်စီးပွားရေးတွေကို အင်တာနက်စာမျက်နှာတွေကတဆင့် ပြုလုပ်နေကြပြီး အောင်မြင်မှုတွေရရှိနေတာကိုတွေ့မြင်ရပါတယ်။

Meal Temple Group ဟာ ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံတို့မှာ ပြည်တွင်းကုန်စည်ပို့ဆောင်ရေးအနေနဲ့ ကျယ်ပြန့်စွာအောင်မြင်နေပြီဖြစ်တာကြောင့် ရန်ကုန်မြို့မှာ လာရောက်ရင်းနှီးမြှုပ်နှံတာလည်းဖြစ်ပါတယ်။ အင်တာနက်ပေါ်ကနေပစ္စည်းတွေ ဝယ်ယူပို့ဆောင်ပေးရတဲ့လုပ်ငန်းဟာ ရန်ကုန်မြို့မှာဈေးကွက်ကြီးတခုအထိဖြစ်ပေါ်နေပြီး အရှေ့တောင်အာရှမှာကြီးထွားမှုအမြန်ဆုံး ဈေးကွက်တစ်ခုဖြစ်နေပါတယ်။ Freshgora.com စားသောက်ကုန်ပို့ဆောင်ရေးလုပ်ငန်းဟာ ရန်ကုန်မြို့မှာ စီးပွားရေးစတင်လုပ်ကိုင်နေတာ တစ်နှစ်ခန့်ရှိပြီဖြစ်ပြီး တစ်ရက်ကို အကြိမ် ၁၀၀ ထက်မနည်း ပို့ဆောင်ပေးရတယ်လို့ ဆိုပါတယ်။ ဒီလို ပို့ဆောင်ရတဲ့အထဲမှာ အစားအသောက်နဲ့ကုန်ပစ္စည်းတွေပါဝင်တယ်လို့သိရပါတယ်။

Meal Temple အနေနဲ့ အဆိုပါ Freshgora Team နဲ့အတူပူးပေါင်းပြီး စားသောက်ကုန်ပို့ဆောင်ရေးလုပ်ငန်းကို မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ Meal Temple နဲ့ ပူးပေါင်းလုပ်ဆောင်ရမှာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားရပါတယ်။ ဒီလို ပူးပေါင်းလုပ်ဆောင်တဲ့အတွက် စားသုံးသူတွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေကို ရရှိနိုင်မှာပါ။ Meal Temple ကို တည်ထောင်သူဖြစ်တဲ့ Maxime Rosburger နဲ့ သူရဲ့ အဖွဲ့ဝင်တွေရဲ့ လမ်းပြမှုနဲ့ ဈေးကွက်ကို ဘယ်လိုချဲ့ထွင်ရမယ်ဆိုတာကို ပိုမိုသိရှိလာပြီး လုပ်ငန်းလည်း အရင်ကထက် ပိုမိုတွင်ကျယ်လာဖို့ မျှော်လင့်ရပါတယ်လို့ Meal

Temple နဲ့ ပူးပေါင်းလုပ်မယ့် Freshgora Team ရဲ့ Founder ကိုဒန်နီရယ်ထွဋ်က ပြောပါတယ်။

**Source:** https://burma.irrawaddy.com/lifestyle/food/2019/06/12/194520.html

## ထိုင်းနိုင်ငံ မြဝတီနယ်စပ်ဘက်နှင့် ပြည်ပနိုင်ငံများမှ ပြောင်းဝယ်ယူသောကြောင့် မန္တလေးဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ပြောင်းဈေးကောင်းနေ



ထိုင်းနိုင်ငံ မြဝတီနယ်စပ်ဘက်နှင့် ပြည်ပနိုင်ငံများမှ ပြောင်းဝယ်ယူနေသောကြောင့် မန္တလေးဈေးကွက်တွင် အခုရက်ပိုင်းအတွင်း ပြောင်းဈေးကောင်းနေသည်ဟု မန္တလေးမြို့ ပဲနှမ်းကုန်သည်များထံကသိရသည်။ မန္တလေးဈေးကွက်ထဲမှာ ယခုရက်ပိုင်း ပြောင်းဖူးစေ့ဈေးပြန်ပြီးမြင့်တက်လာခဲ့တယ်။ အရင်တုန်းမေလအလယ်လောက်က ကျပ် ၁၉၅၀၀ ဈေး၊ တစ်ပိဿာဈေး ကျပ် ၃၈၀ ဈေးရှိခဲ့ပြီး အဲဒီလောက်ကနေ သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၂၃၅၀၀ ဈေး၊ တစ်ပိဿာ ၄၃၅ ကျပ်အထိ ဈေးမြင့်လာတာရှိပါတယ်။ အိုဗာစီးအနေနဲ့ ပြောင်းဝယ်တာရှိသလို ထိုင်းနိုင်ငံဘက်ကလည်း ဝယ်တာရှိတယ်။ တရုတ်နိုင်ငံဘက်မှ ပြောင်းပြန်ဝယ်ယူမည့် သတင်းစကားကြောင့် ပြောင်းဈေးကောင်းလာတာလည်း ဖြစ်ပါတယ်။

တရုတ်နိုင်ငံဘက်က ပြောင်းတကယ် ဝယ်လာရင် ပြောင်းဈေးမြင့်တက်လာနိုင်စရာရှိပါတယ်။ တရုတ်ဘက်ဝယ်မယ်ဆိုတာ အနည်းငယ်တော့သိနေပါပြီ။ လက်တွေ့မှာ တရုတ်ဘက်ကနေ ပြောင်းဝယ်တာတော့ မရှိသေးပါဘူး။ Oversea အဝယ်ရှိတာကြောင့် မန္တလေး-ရန်ကုန်ကားခ ဈေးက ၅၅ ကျပ်အထိ ဈေးတက်သွားပါတယ်။ အရင်တုန်းက မန္တလေး-ရန်ကုန် ကားခက ၂၈ ကျပ်ရှိပြီး အခုကျ ရန်ကုန်- မန္တလေးကားခနဲ့ မန္တလေး-ရန်ကုန် ကားခဈေးသည် ပြောင်းပြန်ဖြစ်နေပါတယ်။ ရန်ကုန်-မန္တလေး ကားခက ၂၈ ကျပ်ရှိပြီး မန္တလေး-ရန်ကုန် ကားခ ၅၅ ကျပ်အထိ ဖြစ်လာတာဖြစ်ပါတယ်။ မန္တလေးကနေ ရန်ကုန်ဘက် ကုန်အဆင်းများပြီး ရန်ကုန်ဘက် ဆန်၊ သကြားပို့ကုန်တို့ တက်မလာတာကြောင့် ရန်ကုန်အတက် ကုန်ဈေးမရဘဲ ကားသမားတွေက အဆင်းကုန်ရတာဖြစ်ပါတယ်ဟု မန္တလေးတိုင်းဒေသကြီး ပဲနှမ်းအသင်း ဥက္ကဋ္ဌ ဦးချွန်ကပြောကြားသည်။

မန္တလေးပဲဈေးကွက်တွင် ပြည်ပသို့အဓိကတင်ပို့ကုန်များဖြစ်သည့် ပဲစင်းငုံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၁၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေထောက်ပဲမှာ ကျပ် ၁၂၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲတီစိမ်းမှာ ကျပ် ၁၀၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေပဲလုံးဆန်မှာ တစ်ပိဿာလျှင် ၃၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ သုံးတင်းဝင်တစ်အိတ် ကျပ် ၁၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မတ်ပဲသုံးတင်းဝင် တစ်အိတ် ကျပ် ၈၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နှမ်းနက် သုံးတင်းဝင် တစ်အိတ် ကျပ် ၂၆၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ နှမ်းဖြူသုံးတင်းဝင်တစ်အိတ် ၁၈၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထိုင်ဝမ် ကုလားပဲ ကျပ် ၈၂၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပြောင်းဖူးစေ့ ကျပ် ၂၃၅၀၀ နှုန်းဖြင့်လည်းကောင်း ဇွန် ၉ ရက် ဈေးနှုန်းများဖြစ်ကြောင်းသိရသည်။

**Source:** BUSINESS

https://news-eleven.com/article/115902

## STOCK EXCHANGE (12.6.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 12th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 12,000 | 12,000 | 11,500 | 346 | 4,067,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 8,891 | 29,340,300 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,900 | 7,900 | 7,800 | 119 | 940,000 | 10,400,986 | 81,128 |
| FPB | 00004 | 24,000 | -500 | -2.04% | 24,000 | 24,000 | 24,000 | 66 | 1,584,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 1,484 | 4,526,200 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 452.65 | -2.11 | -0.46% | 463.34 | 463.34 | 452.65 | 10,906 | 40,458,000 | 5 | 617,969 |

### Index chart




# Market Overview

As of 1:00 pm, 12th Jun. 2019

| MYANPIX | 452.65 ▼ 2.11 |
|---|---|
| Total Volume (shares) | 10,906 |
| Total Value (MMK) | 40 mil |
| Listed Company | 5 |
| Market Cap. (MMK) | 617,969 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 100 |
| FPB | 00004 | 24,000 | ▼ 500 |
| TMH | 00005 | 3,050 | ▼ 50 |

TIR